အလယ်တန်း အထက်တန်း ကျောင်းသားအားလုံးအတွက် အကောင်းဆုံး

Essays & Letters

ရေးနည်းများ

ဆရာကျော်မြင့်အေး

အမှာ စာ

"အလယ်တန်း၊ အထက်တန်း ကျောင်းသူကျောင်းသား အားလုံးအတွက် အကောင်းဆုံး Essays & Letters ရေးနည်းများ "ကို ယနေ့ခေတ် ကျောင်းသားလူငယ်များ English Essays များ ၊ Letters များ ရေးသားရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည် ။ Essays စုစုပေါင်း 19 ပုဒ်နှင့် Letters စုစုပေါင်း 21 ပုဒ်တို့ ကို ဝေါဟာရဖွင့်ဆိုချက်များ နှင့် တကွ ဖော်ပြပေးထားပါသည် ။ Essays များ ရေးသားရာတွင် လည်း မိမိစိတ်ကူးဉာဏ်ဖြင့် ရေးသားနိုင်ရန် outline များကို ဖော်ပြထားသည် ။ Letters များကိုလည်း Essays ကဲ့သို့ပင် ဝေါဟာရဖွင့်ဆိုချက်များ ထည့်သွင်းပေးထားသည့် အတွက် လေ့လာရသည်မှာ ပိုမိုလွယ်ကူမည်ဟု ထင်မှတ်မိပါသည် ။ Essays and letters များကို လေ့လာရေးသားရာတွင် မိမိတို့ စိတ်ကူးဉာဏ်ဖြင့် ကိုယ်ပိုင် တည်ဆောက် ထားသော ဝါကျများကိုပါ ထည့်သွင်းစေလိုပါသည် ။ သို့မှ သာ မိမိတွင် ရှိသော အင်္ဂလိပ် ကိုယ်ပိုင်စွမ်းရည်များ တိုးတက်လာစေမည် ဖြစ်သည် ။

များများ လေ့ကျင့်၍ များများ တိုးတက်ကြပါစေ။

***

Essay Writing

Kason Watering Festival

Outlines

1. What English month Kason falls on
2. What Myanmar people do during the month of Kason
3. What relation between Buddha and Maha Bodhi tree
4. Where banyan trees grow in Myanmar
5. Advantages of Kason Watering Festival

Kason Watering Festival

The month Kason usually falls on May of the English calendar. As the month of Kason is at the middle of the hot reason, the eart h is dry.

Myanmar people pour water at the Maha-Bodhi tree to make s

ure it does not die of drought during the hot summer.

This festival is water pouring ceremony at the Maha Bodhi tree , the holy Banyan tree at the foot of which the Buddha attained B uddhahood or enlightenment. On every full-moon day of Kason, t he Buddhist people would march in a grand procession to the Bo dhi tree or to the pagodas to pour scented water.

It is the day on which Gotama Buddha was born, attained enli ghtenment, and passed away. It also is the day on which the origi nal Bodhi tree arose from out of the earth as an assurance of the coming of the Gotoma Buddha. The Bodhi tree has relations with Lord Buddha so it becomes respectable for the Buddhists.

There are so many banyan trees in various regions of Myanma r. Water pouring ceremony to the Bodhi tree in the month of Kaso n had been performed successively since the time of Myanmar mo narchs to the present day.

The performance of the ceremony is supportive not only to th e religion and tradition but also to keeping trees green and lush.

Glossary

1. The month Kason usually falls on May of the English calend ar. = ကဆုန်လသည် အင်္ဂလိပ်ပြက္ခဒိန်၏ မေလတွင် ကျရောက်လေ့ရှိ

သည် ။

2. As the month of Kason is at the middle of the hot season, the earth is dry. = **ကဆုန်လသည် နွေရာသီ** အလယ်တွင် ရှိသောကြောင့် မြေကြီးမှာ ခြောက်သွေ့နေသည် ။

3. Myanmar people pour water at the Maha-Bodhi tree to make sure it does not die of drought during the hot summer. = ပူပြင်းသော နွေရာသီအတော အတွင်း မဟာဗောဓိပင် ခြောက်သွေ့ပြီး သေဆုံးမသွား စေရန်အတွက် မြန်မာလူမျိုးတို့ က ထိုအပင်တွင် ရေလောင်းကြပါသည် ။

4.This festival is water pouring ceremony at the Maha Bodhi tree, the holy Banyan tree at the foot of which the Buddha attained Buddhahood or enlightenment. = ဤပွဲတော်သည် မဟာဗောဓိပင်၊ မြင့်မြတ်သောညောင်ပင်၌ ရေသွန်း လောင်းသည့်ပွဲတော် ဖြစ်သည် ။ ထိုညောင်ပင်ခြေရင်းတွင် ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည် ။

5.On every full-moon day of Kason, the Buddhist people would march in a grand procession to the Bodhi tree or to the pagodas to pour scented water.

= ကဆုန်လပြည့်နေ့သို့ ရောက်တိုင်း ဗုဒ္ဓဘာသာဝင်တို့ သည်

ကြီးကျယ်ခမ်းနားသော လူတန်းကြီးဖြင့် ဗောဓိပင် သို့မဟုတ် ဘုရားများ သို့ သွားပြီး အမွှေးနံ့သာရေများ သွန်းလောင်းကြပါသည် ။

6. It is the day on which Gotama Buddha was born, attained e nlightenment, and passed away. = ထိုနေ့သည် ဂေါတမဗုဒ္ဓ ဖွားမြင် ရာနေ့ ဖြစ်သလို၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံ သောနေ့လည်း ဖြစ်ပါသည် ။

7.It is also the day on which the original Bodhi tree arose from out of the earth as an assurance of the coming of the Gotoma Bud dha. = ဂေါတမဗုဒ္ဓ ပွင့်တော်မူမည်မှာ သေချာသည့် အနေဖြင့် နဂိုမူလ ဗောဓိပင် မြေကြီးထဲမှ ပေါက်လာသော နေ့လည်း ပဲ ဖြစ်ပါသည် ။

8.The Bodhi tree has relations with Lord Buddha so it become s respectable for the Buddhists. = ဗောဓိပင်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ဆက်စပ်မှုရှိသည် ။ ထို့ကြောင့် ၎င်းသည် သည် ဗုဒ္ဓဘာသာဝင်တို့ အတွက် အလေးအမြတ်ထားရာ ဖြစ်ပါသည် ။

9.There are so many banyan trees in various regions of Myanm ar. = မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် ညောင်ပင်များ အလွန်များ ပြားစွာ ရှိပါသည် ။

10. Water pouring ceremony to the Bodhi tree in the month of Kason had been performed successively since the time of Myanmar monarchs to the present day = ကဆုန်လ၌ ဗောဓိပင်ကို (ညောင်) ရေသွန်း လောင်းသည့် ပွဲတော်သည် မြန်မာဘုရင်များ လက်ထက်တော် အခါမှ စတင်၍ ယနေ့အထိ အောင်မြင်စွာ ကျင်းပလာခဲ့ပြီဖြစ်သည် ။

11. The performance of the ceremony is supportive not only to the religion and tradition but also to keeping trees green and lush . = သည့်လုပ်ရပ်က ဘာသာတရားနှင့် ဓလေ့ထုံးတမ်း စဉ်လာတို့ ကို အထောက်အပံ့ ပေးရုံမျှမက အပင်များကိုလည်း စိမ်းလန်းစိုပြည် နေစေပါသည် ။

***

My Favourite Story Book

Outlines

1. Name of your favourite book

2. What kind of the book

3. What stories included in ne book

4. About these stories

5. What these stories give you

My Favourite Story Book

I have several favourite story books. Among them the one I lik e the best is the Arabian Nights". It is a big book and has very ma ny stories in it. All of them are about wonderful adventures and m agic, and strange things happening to handsome princes and bea utiful princess.

The book is so long that I have not read it all yet, but there ar

e two stories which I have read several times, because I like them best. One is called Ali Baba and the Forty Thieves', which tells how a poor man, called Ali Baba, became rich by finding a cave. A robber gang kept all the wealth they stole in the cave. The cave was closed by a door, which could only be opened by saying the magic words. Ali Baba found out the secret when he was hidden in some bushes near the cave, when the robber chief came there and said the magic words.

Another interesting story is Aladdin and the Wonderful Lamp'. Aladdin was a poor boy who found an old lamp one day in a cave. It was the old lamp in which a terrible Jinn stayed. The Jinn could do anything for Aladdin because he had magic powers. I wish I could find Aladdin's wonderful lamp! Of course I know that all these stories are only fairy-tales, but they are very amusing.

Glossary

1. I have several favourite story books. = ကျွန်တော့်မှာ အကြိုက်နှစ်သက်ဆုံး စာအုပ်များ စွာ ရှိပါတယ်။

2. Among them the one I like the best is the Arabian Nights'.= အဲ့ဒီအထဲမှာ ကျွန်တော် အကြိုက်ဆုံးကတော့ အာရေဗျညများ ပုံပြင်စာ

အုပ်ပဲဖြစ်ပါတယ်။

3. It is a big book and has very many stories in it. = ၎င်းဟာ စာအုပ်ကြီးတစ်အုပ်ဖြစ်ပြီး အလွန်များ ပြားတဲ့ ပုံပြင်တွေ ပါဝင်နေပါတယ်။

4. All of them are about wonderful adventures and magic, and strange things happening to handsome princes and beautiful princess. = ပုံပြင်အားလုံးဟာ အံ့ဖွယ်စွန့်စားခန်းတွေ မှော်တန်ခိုးတွေနဲ့ ချောမောခန့်ညားတဲ့ မင်းသား၊ လှပတဲ့ မင်းသမီးတွေ အကြောင်းပါပဲ။

5.The book is so long that I have not read it all yet, but there are two stories which I have read several times, because I like them best. = စာအုပ်က အရမ်းရှည်လို့ ပြီးဆုံးအောင်တော့ မဖတ်ရသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် ကြိုက်လွန်းလို့ အကြိမ်ပေါင်းများ စွာ ဖတ်ရှုတဲ့ ပုံပြင်နှစ်ပုဒ်တော့ ရှိပါတယ်။

6. One is called "Ali Baba and the Forty Thieves', which tells how a poor man, called Ali Baba, became rich by finding a cave. = တစ်ပုဒ်က အလီဘာဘာနဲ့ ခိုးသားလေးဆယ် ဖြစ်ပါတယ်။ လိုဏ်ဂူတစ်လုံးကိုတွေ့ပြီး ချမ်းသာကြွယ်ဝသွားတဲ့ အလီဘာဘာလို့ ခေါ်တဲ့ ဆင်းရဲသားလေးတစ်ယောက် အကြောင်းပါပဲ။

7.A robber gang kept all the wealth they stole in the cave. = သူခိုးခါးပြဂိုဏ်း တစ်ဂိုဏ်းက သူတို့ ခိုးထားတဲ့ ချမ်းသာကြွယ်ဝမှုတွေ အားလုံးကို လိုဏ်ဂူတစ်လုံးထဲမှာ သိမ်းထားပါတယ်။ ။

8. The cave was closed by a door, which could only be opened by saying the magic words.= ထိုလိုဏ်ဂူကို တံခါးတစ်ချပ်နဲ့ ပိတ်ထားပြီး မှော်စကားလုံးတွေပြောမှ သာ ပွင့်နိုင်ပါတယ်။

9. Ali Baba found out the secret when he was hidden in some bushes near the cave, when the robber chief came there and said the magic words. = သူခိုးခေါင်းဆောင်က အဲ့ဒီလိုဏ်ဂူကို လာပြီး မှော်စကားလုံးတွေ ပြောတဲ့ အချိန်မှာ လိုဏ်ဂူအနီး ချုံပုတ်တွေထဲမှာ ပုန်းအောင်းနေတဲ့ အလီဘာဘာဟာ လျှို့ဝှက်ချက်ကိုသိသွားခဲ့ ပါတယ်။

10. Another interesting story is ‘Aladdin and the Wonderful La mp’ = နောက် ပုံပြင်တစ်ပုဒ်ကတော့ အာလာဒင်နဲ့ အံ့ဖွယ်မှော်မီးခွက် ပုံပြင်ဇာတ်လမ်းပဲဖြစ်ပါတယ်။

11. Aladdin was a poor boy who found an old lamp oneday in a cave= အာလာဒင်ဟာ ဆင်းရဲသားကောင်လေး တစ်ယောက်ဖြစ်ပြီး သူဟာ တစ်နေ့မှာ လိုဏ်ဂူထဲက မီးခွက်ဟောင်းတစ်လုံးကို တွေ့သွားခဲ့

ပါတယ်။

12. It was the old lamp in which a terrible finn stayed.

= အဲ့ဒီမီးခွက်ဟာ ကြောက်စရာဘီလူးကြီး ဂျင် ရှိနေတဲ့ မီးခွက်တစ်လုံးပါပဲ။

13. The Jinn could do anything for Aladdin because he had magic powers. = ဂျင်မှာ မှော်တန်ခိုးစွမ်းအင်တွေ ရှိတာကြောင့် သူဟာ အာလာဒင်အတွက် ဘာမဆို လုပ်ပေးနိုင်ခဲ့တယ်။

14. I wish I could find Aladdin's wonderful lamp! = ကျွန်တော်တော့ အာလာဒင်ရဲ့ အံ့ဖွယ်မှော်မီးခွက်ကို ရချင်လိုက်တာ။

15. Of course I know that all these stories are only fairy-tales, but they are very amusing. = တကယ်ကတော့ အဲ့ဒီပုံပြင်တွေ အားလုံးဟာ စိတ်ကူးယဉ် နတ်သမီး ပုံပြင်တွေသာ ဖြစ်ပေမဲ့ အလွန်စိတ်ဝင်စားစရာ ကောင်းပြီး

***

Tazaungdaing Festival

Outlines

1. What is the Tazaungdaing Festival
2. When does it hold
3. What competitions do the festival have
4. Source of the festival
5. Other custom in the festival

Tazaungdaing Festival

The Tazaungdaing Festival, also known as the Festival of Lights, is a national holiday held on 6th November this year. The festival is held on the full moon of Tazaungmon, the eight month of the Burmese Calender and also marks the end of the rainy season in Myanmar.

Robe-weaving competitions to weave special yellow monk robes called matho thingan (မသိုးသင်္ကန်း) are also held throughout the country, most notably in Yangon's Shwedagon Pagoda. During these competitions, held for two consecutive nights (the night preceding and the night of the full moon), contestants work nonstop from night until dawn to weave these garments. The tradition commemorates a widely known story of the Buddha's life. Seeing that the Buddha would soon renounce, the Buddha's mother, Maya, who had been reborn in the Tavatimsa heaven, spent the entire night weaving yellow monk robes for him. Her sister Gotami (Buddha's aunt) continued this tradition and offered new robes annually.

In Shan State, primarily in Taunggyi, hot air balloons lit with candles are released into the air. Hot air balloon competitions are held both at night and day. The day competitions will usually feature balloons in the form of pagodas and animals whereas the night competitions will feature balloons in huge stretched out ball shapes and smaller multicolored paper lanterns. Giving offerings or charity as a means of merit making or paying respects to the elderly and visiting pagodas are also common during the Tazaungdaing festival .

In recent years, these traditions have also been transported to other parts of the country, including Naypyidaw, which holds an annual government- sponsored celebration, and Pyin Oo Lwin (Maymyo). On this night, young men celebrate a custom called "kyima

no pwe" ("crow doesn't wake"), by practicing mischief on their ne ighbors, by stealing or playing tricks on them.

Glossary

1. The Tazaungdaing Festival, also known as the Festival of Lig hts, is a national holiday held on 6th November this year. = မီးထွန်းပွဲတော်ဟု လည်း သိကြသော တန်ဆောင်တိုင်ပွဲတော်သည် ယခုနှစ်နိုဝင်ဘာလ (၆) ရက်နေ့တွင် ကျင်းပမည့် အမျိုးသားဘာသာရေးပွဲ

တစ်ခုဖြစ်ပါသည် ။

2.The festival is held on the full moon of Tazaungmon, the eig ht month of the Burmese Calender and also marks the end of the rainy season in Myanmar. =

ထိုပွဲတော်ကို မြန်မာပြက္ခဒိန်၏ ရှစ်လမြောက်အပြင် မြန်မာနိုင်ငံရှိ မိုးတွင်းကာလအဆုံးပိုင်းအဖြစ် သတ်မှတ် ထားသည့်အချိန် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပါသည် ။

3. Robe-weaving competitions to weave special yellow monk r obes called matho thingan (မသိုးသင်္ကန်း) are also held throughou t the country, most notably

in Yangon's Shwedagon Pagoda. = ထူးခြားသော အဝါရောင်ဘုန်းကြီး သင်္ကန်းကိုရက်လုပ်သည့် သင်္ကန်းရက် ပြိုင်ပွဲများကို မသိုးသင်္ကန်းဟု ခေါ်ပြီး တစ်နိုင်ငံလုံးတွင် ကျင်းပရာ အထူးခြားဆုံးမှာ ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင် ကျင်းပသည့် ပြိုင်ပွဲပင် ဖြစ်လေသည် ။

4.During these competitions, held for two consecutive nights (the night preceding and the night of the full moon), contestants work nonstop from night

until dawn to weave these garments. = ဤပြိုင်ပွဲများ ကျင်းပနေစဉ် အတောအတွင်း နှစ်ည (လပြည့်နေ့မတိုင်ခင် အဖိတ်နေ့ နှင့် လပြည့် နေ့) ဆက်တိုက်ကျင်းပရာ ပြိုင်ပွဲဝင်သူများမှာ ညမှ မနက်ထိတိုင် မရပ်မနားဘဲ သင်္ကန်းရက်လုပ်ယှဉ်ကြရပေသည် ။ ။

5.The tradition commemorates a widely known story of the Buddha's life. = ထိုအစဉ်အလာက လူသိများ သော ဗုဒ္ဓဘုရားရှင်၏ ဘဝကိုအမှတ်တရဖြစ်စေသည့် ပွဲဖြစ်ပါသည် ။

6.Seeing that the Buddha would soon renounce, the Buddha's mother, Maya, who had been reborn in the Tavatimsa heaven, spent the entire night weaving yellow monk robes for him. = တာဝတိံသာ နတ်ပြည်၌ နတ်သားအဖြစ် မွေးဖွားလာသည့် ဘုရားရှင်၏

မိခင် မယ်တော်မာယာမှာ ဘုရားရှင် တောထွက်တော်မူသည် ကို မြ

င်တွေ့ပြီး မကြာခင်၌ ဘုရားရှင်အတွက် ညလုံးပေါက်သင်္ကန်း ရက်လုပ်တော်မူလေသည် ။

7.Her sister Gotami (Buddha's aunt) continued this tradition and offered new robes annually.= သူမ၏ ညီမ ဂေါတမီ (ဘုရားရှင်၏ အဒေါ်) က ယင်းအစဉ်အလာကို ဆက်လက်ယူဆောင်ခဲ့ပြီး နှစ်စဉ် သင်္ကန်းအသစ်များကို ဆပ်ကပ်လှူဒါန်းလေတော့သည် ။

8. In Shan State, primarily in Taunggyi, hot air balloons lit with candles are released into the air. = ရှမ်းပြည်နယ် အထူးသဖြင့် တောင်ကြီးမြို့တွင် ဖယောင်းတိုင်များ ထွန်းထားသည့် မီးပုံးပျံများကို ကောင်းကင်သို့ လွှတ်တင်ကြပါသည် ။

9.Hot air balloon competitions are held both at night and day. = မီးပုံးပျံလွှတ်သည့်ပြိုင်ပွဲများကို နေ့ရောညပါ ကျင်းပကြပါသည် ။

10. The day competitions will usually feature balloons in the form of pagodas and animals. = အများအားဖြင့် နေ့ဘက်ပြိုင်ပွဲများ တွင် ဘုရားစေတီနှင့် တိရစ္ဆာန်အရုပ်များ ပုံပါသည့် မီးပုံးပျံများကို လွှတ်တင်ကြပါလိမ့်မည်။ ။

11. Whereas the night competitions will feature balloons in huge stretched out ball shapes and smaller multicolored paper lanterns. = ညဘက် ပြိုင်ပွဲများ တွင် မူ ကြီးမားလာအောင် ဆွဲဆန့်ထားသည့် ဘောလုံးပုံစံ မီးပုံးပျံများ နှင့် သေးငယ်သော ရောင်စုံစက္ကူ မှန်မီးအိမ်များ ဖြင့် ပြိုင်ပွဲဝင်ကြပါသည် ။

12. Giving offerings or charity as a means of merit making or paying respects to the elderly and visiting pagodas are also common during the Tazaungdaing festival. = အသက်အရွယ်ကြီးသူများကို ကုသိုလ်ပြုခြင်း၊ ဂါဝရပြုခြင်းအနေဖြင့် အလှူဒါန ပြုခြင်းနှင့် ဘုရားသွားခြင်းတို့ သည် တန်ဆောင်တိုင်မီးထွန်း ပွဲတော်အတွင်းတွင် တွေ့ရလေ့ရှိပါသည် ။

13. In recent years, these traditions have also been transported to other parts of the country, including Naypyidaw, which holds an annual government- sponsored celebration, and Pyin Oo Lwin (Maymyo). = မကြာသေးခင်နှစ်များကမူ ယင်းအစဉ် အလာများ သည် နေပြည်တော်အပါအဝင် နိုင်ငံ၏ အခြားနေရာများ သို့ပါ ရောက်ရှိ ကူးပြောင်းသွားပါသည် ။ နေပြည်တော်နှင့် မေမြို့တို့ တွင် ထိုပွဲတော်ကို နှစ်စဉ်အစိုးရက ကြီးကြပ်၍ ပြုလုပ်ကျင်းပလာခဲ့ပါသည် ။

14. On this night, young men celebrate a custom called "kyima no pwe" ("crow doesn't wake"), by practicing mischief on their ne

ighbors, by stealing or playing tricks on them. = ထိုညတွင် လူငယ်များ သည် ကြီးမနိုးပွဲ (ကျီးကန်း ငှက်များ မနိုးသေးသည့်အချိန်) ဟု ခေါ်သော ပျော်စရာ အစဉ်အလာမလေ့ကို ပြုလုပ်ကြပါသည် ။ ထိုပွဲမှာ အိမ်နီးချင်းများ ၏ ပစ္စည်းများကို ဝှက်ထားခြင်း နေရာပြောင်းခြင်းစသည် ဖြင့် ပျော်စရာဖြစ်အောင် နောက်ပြောင်သည့်ပွဲ ဖြစ်ပါသည် ။

***